

ရှိသမျှ ထုခွဲ ရောင်းချ စားသောက်၍ ကုန်လေသော် မည်သို့ ကြံရမည် မသိ ဖြစ်နေကြစဉ် တနေ့၌....
လာကြဟေ့.... သူကြီး အိမ်က မောင်းထုတယ် လူတွေ စိတ်ညစ်နေကြရတဲ့ အထဲ - ဘာများ ကိစ္စထူးပြန်လဲမသိဘူး —
ခုလို မောင်းထုပြီး လူစုတဲ့ခေါ်ရတာကတော့ — ရွာမှာ တမြည်းမြည်းနဲ့ ဆင်းရဲလာတာတွေ ရတယ်။ ဒီတော့ ဒီအဘေးဆိုး ကိုဘယ်လိုလွတ်အောင် ရုန်းကန် ထွက်ရမယ် ဆိုတာ တိုင်ပင်ကြဖို့ပါဘဲ။
အို... ငါ ဖမ်းလို့ရမယ် ငွေမြစ်တော့ဘဲ။ ရေရှိမှ ငါးရှိသတဲ့ — ဒီတော့ မြစ်တရလုံးကို ရေခပ်ထုတ်လိုက်မှ ငါးရမှာပေါ့ —
ငါကတော့ - ဦးရာနဲ့တူ ဖမ်းစားတယ်ထင်တာဘဲ၊ ရက်ပွဲတင်မယ် ကောင်းမယ်
မြို့တက်ပြီး မေးခွင် ဆရာကောင်းကောင်းနဲ့ ယတြာချေပါလား
ဒီလိုရှိတယ် - ငါးတွေ ဒီမြစ်ထဲမှာ တုံးသွားတာမျှ။ ဒီတော့ ငါး ရဖို့ ကြိုးစားတာထက် ---
ဟာ - ဒီမေဒါကလဲ မျှ - ငါးရမှ မြစ်မှာ မျှ၊ အခရေးထဲ ခင်များက ဘာလေဝင် ရှာနေတာလဲ ---
အလကား - ငါးလဲ ဖမ်းဘူးတာ မဟုတ်ဘဲနဲ့ ဝင်မပြောပါနဲ့
သူက ဒီရွာသား မှ မဟုတ်ဘဲ - ငါး မွှားမွှားရတဲ့ ကျေးရွာ ဘယ်သိမှာလဲ
သို့ဖြင့် တယောက်တပေါက် ပြောရင်း —


လူတွေလဲ စီးပွားရေး ကျဆင်းလာတော့ စိတ်ကျ ကောင်းကောင်းသိ မပေါ်တော့ဘူး - ခုဘ ပါဘဲ.....
အေးမျာ
တနေကုန်သွားပြီး အဖြေမရပဲ အိမ်ပြန် ကြရ၏။
တပည့်တော်တို့ရွာမှာ ဆင်းရဲကြလွန်းလို့ .... ဒီဝဋ်မှ လွတ်မယ့် နည်းလမ်းများသိမယ် အမိန့်ရှိပါဘုရား...
အိမ်း.... ဒါက တကါကြီး ကိုရွာလား လွယ်သားဘဲ.... အရိုင်းတွေကို ယဉ်အောင် လုပ်ပေါ့...
တနေ့တွင် ဦးအေးသည် ငါးရလိုရငြား သွားများပြီး ငါးမရ၍ စိတ်ပျက်ပျက်နှင့် ပြန်လာစဉ် ခရီးသွား ရဟန်းတပါး တွေ့သဖြင့်-
အဖြေရ လျှင် ဝမ်းသာလှ၍ သူကြီးထံ အပြေးသွားပြော၏။
ဟဲ့- နေပါအုံး မိုးအေးရဲ့ အရိုင်းတွေဆိုတာ ဘာကိုပြောတာလဲ...
အဲ - ဟယ်- ဒါတော့ သိဘူးဗျ - မေးလဲမမေးမိဘူး
သူကြီးက ပြန်မေးရာ-
အဲဒီရဟန်းကြီး ကိုလိုက်မေး ရအောင်
ဘယ်ကိုကြွသွားသလဲမှမသိတာ
ခင်ဗျားကလဲ - ကိုအေး ဆိုတဲ့ အကိုင်း - အေးကိုအေးလွန်းတယ် အရိုင်းဆိုတာ ဘာလဲ ဘုရားလို့ ထပ်မေး ပါတော့လား....
ကျုပ်ကလဲ ဝမ်းသာလွန်းလို့ ပြောမဲ့ချင်စော်နဲ့ ပြန်ပြေးလာတာဘဲ...
ထိုအခိုက်ရွာသားအချို့ ရောက်လာပြီး ဦးအေး သတင်း နားထောင်နေကြရာမှ -
အရိုင်းဆိုယင်..... ကျီးကန်း ကိုမျိုးတို့ တောကြောင်တို့ကို မယဉ်ပြီး ယဉ်အောင် လုပ်ပြီး ရောင်းဘို့ ပြောတာနဲ့ တူတယ်
အဲ....အဲ - ဟုတ်မလား မသိဘူး
အကြံဥာဏ် ပေးကြ၏။
ဝူး
အာ အာ အာ
ဟုတ်လိုဟုတ်ငြား စမ်းသပ်မွေးမြူကြည့်ရာ -
ဒီအရိုင်းကောင်တွေ ယဉ်အောင်လုပ်လို့လဲ မရဘူး - ဗွီ
မအောင်မြင်ကြချေ။
ဩ သိပြီ -- ဒီကိုယ်ဒီ ယဉ်ကျေးအောင်နေ ယင်ပြန့်ပြီး ကြီးပွါးလိမ့် မယ်ထင်တယ်-
အဲ - ဒီစိတ်ကျေး တယ်မဆိုးဘူး
တဖန် တယောက်က-

